# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 18, 2019 Volume 24, Number 11


**၁၈.၁၀.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၁/- ကျပ် |
| CBM Rate | = ၁၅၃၃.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၅.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၂.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၅.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၄၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၆၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မန္တလေးတွင် ပထမဆုံးပြုလုပ်မည့်ကျောက်မျက်ပြပွဲ၌ နိုင်ငံခြားသားများ အချောထည်သာ ဝယ်ယူခွင့်ရမည်ဟု ကျောက်မျက် လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌဆို



အောက်တိုဘာ ၂၃ ရက်တွင် မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ပထမဆုံးပြုလုပ်မည့် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၃၅၀၀ ခန့် ပြသနိုင်ရန် မျှော်မှန်းထားကြောင်း မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသန်းဝင်းက အောက်တိုဘာ ၁၆ ရက်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုသည်။ အဆိုပါပြပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးကာ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် နိုင်ငံခြားသားများ အရိုင်းထည်များအား ဝယ်ယူခွင့်မရှိဘဲ အချောထည်သာ ဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။ လောလောဆယ် စာရင်းပေးထားတာက အတွဲ ၂၅၀၀ လောက်ရှိတယ်။ နီးရင်ပိုတိုးလာနိုင်တယ်။ ကျောက်စိမ်းအတွဲပေါင်း ၃၅၀၀ လောက်အထိ မျှော်မှန်းထားပါတယ်။ အရိုင်းရော၊ အချောရောပါမယ်။ တိုင်းဒေသကြီးအစိုးရကနေ ဦးစီးပြီးတော့ ပထမဦးဆုံးအကြိမ် ကျင်းပတာပါ။

မြန်မာနိုင်ငံမှာ ကျောက်မျက်ရတနာ လုပ်တဲ့သူတွေရဲ့ ရာခိုင်နှုန်း ၉၀ လောက်က မန္တလေးအခြေစိုက်တွေဖြစ်ပါတယ်။ နေပြည်တော်ကို ကျောက်သွားဝယ်တဲ့သူက လည်းဒီကပဲ။ ကျောက်သမားအများစုအခြေစိုက်တဲ့ မန္တလေးမြို့မှာ ကျောက်မျက် ရတနာပွဲကျင်းပတဲ့အတွက် အားလုံးလည်းအဆင်ပြေနိုင်မယ်။ အစိုးရကလည်း တိတိကျကျအခွန်ရနိုင်မယ်။ နိုင်ငံခြားသားတွေကတော့ အရိုင်းထည်ဝယ်လို့မရဘူး။

ဝယ်ယူခွင့်မရှိဘူး။ ဝင်ရောက်လေ့လာလို့တော့ရတယ်။ အချောထည်တော့ ဝယ်ခွင့် ရှိတယ်။ ကျောက်က ဘယ်သူ့ဆီက ဘယ်သူဝယ်ဝယ် နောက်ဆုံးမှာ တရုတ်ကိုရောင်းရတာ။ ဒီပြပွဲဖြစ်လာလို့ရှိရင် အချော လုပ်ကွက် ပိုပြီးဖွံ့ဖြိုးလာမယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပိုပြီးတော့များလာမယ်ဟု ဦးသန်းဝင်းက ပြောဆိုသည်။

ယင်းပြပွဲတွင် ကျောက်စိမ်းတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ဝယ်ယူသူများအနေဖြင့် အာမခံစပေါ်ငွေ အနည်းဆုံး ကျပ်သိန်း ၂ဂ တင်ပြရမည်ဖြစ်ကာ ကျပ်သိန်း ၂ဂဂ အထိဝယ်ယူခွင့်ရှိမည်ဖြစ်ကြောင်း၊ ကျောက်စိမ်း အရိုင်းဖြတ်သားများကို မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပြီး အချောထည်များကို မြန်မာကျပ်ငွေအပြင် နိုင်ငံခြားငွေဖြင့်ပါ ရောင်းချမည်ဖြစ်သည်။ အခွန်အနေဖြင့် ရောင်းချမှုများကို ၁၃ ရာခိုင်နှုန်းနှင့် ဝယ်ယူမှုအတွက် ၅ ရာခိုင်နှုန်းသတ်မှတ်ထားကြောင်း၊ ကျောက်အရိုင်းဖြတ်သားများနှင့် အချောထည်များအပြင် ကျောက်စိမ်းဖြင့်ပြုလုပ်သည့် ပရိဘောဂပစ္စည်းတချို့ကိုလည်း ထည့်သွင်းရောင်းချမည်ဟုသိရသည်။

**Source:** https://myanmar.mmtimes.com/news/129771.html

## အီးယူအနေဖြင့် ၂ဂ၃ဂ ရည်မှန်းချက်များ ရရှိရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိ

အီးယူအနေဖြင့် ၂ဂ၃ဂ ပြည့်နှစ် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ရရှိရေး ဆောင်ရွက်ရာတွင် နှေးကွေးနေမှုနှင့် နိုင်ငံရေးနည်းလမ်းအရ ဆောင်ရွက်မှုအားနည်းနေခြင်းတို့ကြောင့် ရေရှည် တည်တံ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအား အလျင်အမြန် အကောင်အထည်ဖော်ရန်လိုအပ်နေကြောင်း ဥရောပ စီးပွားရေးနှင့် လူမှုရေးကော်မတီအရ သိရှိရပါသည်။ ပြီးခဲ့သည့် ဇန်နဝါရီလက အတည် ပြုခဲ့သည့် ဥရောပကော်မရှင်၏ ၂ဂ၃ဂ ပြည့်နှစ်တွင် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ်ဖြစ်သည့် ဥရောပဆီသို့ ခေါင်းစဉ်ဖြင့် reflection paper နှင့်ပတ်သက်၍ လုံလောက်မှု မရှိသေးကြောင်း ဥရောပကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဖင်လန်နိုင်ငံနှင့်ကော်မတီများ၏ ၂ဂ၁၉ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင်ပြုလုပ်ခဲ့သည့် ကွန်ဖရင့်တွင် ဥရောပစီးပွားရေးနှင့်လူမှုရေးကော်မတီက ယင်း၏ အမြင် သဘောထားကို ဖော်ပြခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ဥရောပကော်မရှင်ဥက္ကဋ္ဌအသစ်အဖြစ် ရွေးချယ်ခံထားရသည့် Ursula Von der Leyen အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲ၍ စဉ်ဆက်မပြတ်တိုးတက်သည့် ဥရောပအဖြစ် ကူးပြောင်းမှုအား အရှိန်မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ချက်ထားရှိပြီး၊ အထူးသဖြင့် ဥရောပအား ရာသီဥတုသမမျှတသော အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် ရည်မှန်းချက်ချမှတ်ထားကြောင်း၊ အသစ်ခန့်အပ်မည့် ကော်မရှင်နာများကိုလည်း ၎င်းတို့၏ မူဝါဒရေးရာနယ်ပယ်အတွင်း ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိစေရေး သေချာစေရန် တာဝန်ပေးအပ်ထားမှုများလည်းရှိကြောင်း အဆိုပါကွန်ဖရင့်၏ဖွင့်ပွဲတွင် ဥရောပစီးပွားရေးနှင့် လူမှုရေး ကော်မတီ၏ဥက္ကဋ္ဌဖြစ်သူ Luca Jahier က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ အီးယူ၏အလှည့်ကျဥက္ကဋ္ဌ ဖလန်နိုင်ငံမှ ကိုယ်စားလှယ် Sami Prikkala က ရေရှည်တည်တံ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးကို အီးယူအဖွဲ့အစည်းများ အားလုံးက အခိုင်အမာထောက်ခံချက်ပေးထားမှုအား အလေးပေးပြောကြားခဲ့သည် ဟုလည်းသိရှိရပါသည်။ အီးယူအနေဖြင့် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ရရှိနိုင်ရန်အတွက် လက်ရှိမူဝါဒများအား သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဥရောပ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ တွန်းပို့ပေးနိုင်ရန်အတွက် ၎င်း၏ဈေးကွက်အင်အားကို အသုံးပြုနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ကထိန်ရာသီမတိုင်မီ ဝယ်လိုအားကောင်းနေသဖြင့် ဆီးဖြူသီးများဈေးတက်




သီတင်းကျွတ်လပြည့်ကျော် ၁ ရက်ကစတင်၍ ကထိန်အလှူများ ပြုလုပ်ကြတော့မည်ဖြစ်သောကြောင့် အလှူများတွင် ထည့်သွင်းကျွေးမွေးကြသည့် ဆီးဖြူသီးများကို ဝယ်ယူစုဆောင်းနေကြသဖြင့် ဈေးနှုန်းများမြင့်တက်လာကြောင်း မကွေးမြို့နယ်ရှိ ဆီးဖြူသီးစိုက်ပျိုးသူများထံမှသိရသည်။ လက်ရှိတွင် ဆီးဖြူသီးတစ်တင်း ကျပ် ၈၀၀၀ ဈေးပေါက်နေပြီး အရောင်းအဝယ်သွက်နေကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်များက ဆီးဖြူသီးတစ်တင်းလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၆၀၀၀ အထိသာဈေးရှိသောကြောင့် ယခုနှစ်တွင် ဈေးမြင့်တက်လာခြင်းဖြစ်သည်။ ၂၀၁၇ခုနှစ်က မိုးများခဲ့ခြင်းကြောင့် အပင်များလဲခြင်း၊ အသီးနည်းခြင်းတို့ ဖြစ်ပေါ်ခဲ့ရာက ဆီးဖြူသီးရှားပါးပြီး တဖြည်းဖြည်းဈေးတက်လာခြင်းဖြစ်ကြောင်းသိရသည်။

မကွေးမြို့နယ်ရှိ ကျေးလက်ဒေသများ၌ ကထိန်ခင်းလှူခြင်းနှင့် ရှင်ပြုအလှူများတွင် ငါးကြော်၊ သရက်ချဉ်သုပ်၊ ငရုတ်သီးကြော်၊ ကုလားပဲဟင်း (သို့မဟုတ်) မုန်ရောင်ဟင်းချိုစသဖြင့် ကျွေးမွေးလှူဒါန်းလေ့ရှိကြသည်။ ထို့အပြင် အလှူရှင်၏ စီးပွားရေးအပေါ်မူတည်၍ အကုန်အကျသက်သာစေရန် ဆီးဖြူသီးအမှုန့်ကို ပုစွန်ခြောက်မှုန့်၊ ကြက်သွန်နီတို့ဖြင့် ရောသုပ်ကာ ငရုတ်သီးကြော်၊ ဟင်းရည်သောက်တို့ဖြင့် ဟင်းသုံးမျိုးကျွေးမွေးကြသည်။ မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်မှ ဒေါ်စန်းက အခုချိန်က ကထိန်အလှူချိန်ဆိုတော့ ဆီးဖြူသီးဝယ်သူက ဈေးကောင်းပေးတယ်။ မြို့ပေါ်က ဈေးသည်တွေက တစ်ပြည် ကျပ် ၄၀၀ လောက်ပဲ ပေးတယ်ဟုပြောသည်။ အိမ်ဝင်းအတွင်း ဆီးဖြူပင် သုံးပင်၊ လေးပင်ခန့် စိုက်ထားပြီး သုံးနှစ်ကျော်တွင် စတင်အသီးသီးကာ အပင်သေးလျှင် တစ်တင်းခွဲခန့်ရပြီး အပင်ကြီးလျှင် သုံးတင်းခန့်ရကြောင်း၊ တစ်လအတွင်း ကျပ် ၅၅၀၀၀ အထိရကြောင်း ၎င်းကပြောသည်။

ဆီးဖြူသီးဝယ်ယူစုဆောင်းခြင်းကို သီတင်းကျွတ်လဆန်းမှစတင်၍ ဝယ်ယူစုဆောင်းရပြီး အဖန်ရည်ညှစ်ကာ အစေ့ထုတ်သန့်စင်ပြီး အမှုန့်လုပ်ထားရကြောင်း မကွေးမြို့နယ် စည်ပင်သာကျေးရွာမှ ဦးမောင်တင်ကပြောသည်။ ဆီးဖြူသီးက ရွာတွေဘက်မှာ မရှိသလောက်ရှားတယ်။ ဒီလိုကြိုဝယ်ထားမှ ကထိန်အလှူမှာ မပူရဘူး။ ရွာဘက်တွေမှာ ဝယ်မရတော့ မြို့ပေါ်က ရပ်ကွက်တွေထဲဝယ်ရတယ်။ အရင်နှစ်တွေကထက်စာရင် ဈေးနှုန်းကြီးပေးဝယ်ရတယ်။ အလှူတစ်ခု ခြောက်တင်း၊ ခုနစ်တင်းလောက်ကုန်တော့ကြိုစုရတယ်ဟု ဦးမောင်တင်ကပြောသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8043787

## ရေနံချောင်း၌ မဲဇလီဖူးအရောင်းသွက်၊ ခူးဆွတ်သူများဝင်ငွေကောင်း

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် မဲဇလီဖူးများအဝယ်ရှိသောကြောင့် နယ်မြို့များတွင် အရောင်းအဝယ်သွက်နေကြောင်း ဒေသခံရောင်းဝယ်သည့်ဈေးကွက်မှသိရသည်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အထိ ကားနဲ့ပို့ရတယ်။ မြို့မဈေး၊ သံကန်ကုန်းဈေး၊ တွင်းကုန်းဈေးနဲ့မြို့ပေါ်ရှိတဲ့ ဈေးတွေကို လက်ကားရောင်းရတယ်။ ကျေးရွာတွေမှာ ဘုရားပွဲ၊ အလှူပွဲလမ်းတွေရှိလို့ မဲဇလီဖူးခူးတဲ့သူအရင် နှစ်က ၁၀၀ နီးပါးရှိပေမယ့် ဒီနှစ်ခူးတဲ့သူ ၃၀ ပဲရှိတယ်။ ဈေးကတော့ မဲဇလီဖူး တစ်ပြည်ကျပ် ၈၀၀၊ အပြင်မှာ ကျပ် ၁၂၀၀ ပေါက်ဈေး ရှိတယ်။ မနှစ်ကတော့ တစ်ပြည်ကို ကျပ် ၆၀၀ နဲ့ရောင်းရတယ်ဟု မဲဇလီဖူး ရောင်းဝယ်သူ ကိုဝင်းဌေးကပြောဆိုသည်။ ရေနံချောင်း၊ နတ်မောက်၊ ချောက်မြို့နယ်များရှိ ကျေးရွာများသို့ လိုက်လံခူးဆွတ်ကြရပြီး တောင်းများတွင်ထည့်၍ ဒိုင်နှင့်လက်ကားရောင်းသူများထံရောင်းချကြသည်။

**Source:** https://myanmar.mmtimes.com/news/129775.html

## အာဆီယံပြတင်းတစ်ပေါက်စနစ်ကို လာမည့်နိုဝင်ဘာတွင် စတင်အသုံးပြုမည်




အာဆီယံနိုင်ငံများနှင့် ကုန်သွယ်ရာတွင် ပိုမိုလွယ်ကူစေရန် အီလက်ထရွန်နစ်စနစ်တစ်ခုဖြစ်သည့် အာဆီယံပြတင်းတစ်ပေါက် (ASEAN Single Window)ကို နိုဝင်ဘာတွင် စတင်အသုံးပြုမည်ဟု အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်ကပြောသည်။ ယင်းစနစ်ကို အသုံးပြုခြင်းကြောင့် ကုန်စည်တင်ပို့သူများသည် ဒေသတွင်းဈေးကွက်များ ချဲ့ထွင်နိုင်ရေး အရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်ပြီး ထိုစနစ်စတင်အသုံးပြုရန် အကောက်ခွန်ဦးစီးဌာနနှင့်ကုန်သွယ်ရေးဦးစီးဌာနတို့က လုပ်ငန်းရှင်များကို အောက်တိုဘာ ၁၇ ရက်တွင်အသိပေးရှင်းလင်းခဲ့သည်။ အာဆီယံနိုင်ငံများကြား အီလက်ထရွန်နစ်စနစ် စတင်စမ်းသပ်နိုင်ပြီး စတင်အသုံးပြုနိုင်တော့မှာဖြစ်ကြောင်း အသိပေးလိုပါတယ်’ဟု ဦးကျော်ထင်ကပြောသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံအချင်းချင်း အကောက်ခွန်ကင်းလွတ်ခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form–D)ပေးပို့ခြင်း၊ လက်ခံခြင်းစသည့်လုပ်ငန်းတွေကို အီလက်ထရွန်နစ်နည်းလမ်းအသုံးပြု၍ ဆောင်ရွက်နိုင်မည်ဟု အကောက်ခွန်ဦးစီးဌာနကဆိုသည်။

ထိုလုပ်ငန်းများကို ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ ဆောင်ရွက်နေပြီး မြန်မာနိုင်ငံက ရှစ်နိုင်ငံမြောက်ဖြစ်သည်ဟု အဆိုပါဦးစီးဌာနကဆိုသည်။ ကုန်စည်တင်သွင်းသူများတင်ပြသည့် အာဆီယံ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form–D) ကို အကောက်ခွန်ဦးစီးဌာနက လက်ခံစိစစ်၍ ကုန်သွယ်ရေးဦးစီးဌာနက (Form–D) ထုတ်ပေးမည်ဟုဆိုသည်။ ထိုစနစ်ကို ဖိလစ်ပိုင်နိုင်ငံနှင့်လည်း ပထမဦးဆုံးစတင်ဆောင်ရွက်မည်ဖြစ်သည်။ ထိုစနစ်ကို အသုံးပြုရန် USAID အကူအညီဖြင့် ၂၀၁၈ တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ အောက်တိုဘာတွင် လုပ်ငန်းများအပြီးသတ်မည် ဖြစ်သည်။

**Source:** https://www.7daydaily.com/detail?id=168782

## သီတင်းကျွတ်ရုံးပိတ်ရက်အပြီးတွင် ဒေါ်လာတန်ဖိုးငြိမ်နေ



သီတင်းကျွတ်ရုံးပိတ်ရက်အပြီး ပြည်တွင်းငွေကြေး ဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး ကျပ် ၁၅၃၀ ခန့်၌ တည်ငြိမ်နေသည်။ အောက်တိုဘာ ၁၆ ရက် နံနက်က တစ်ဒေါ်လာလျှင် ၁,၅၃၃ ကျပ်ဈေးဖွင့်သော်လည်း ညနေတွင် အနည်းငယ်ပြန်လည်ကျဆင်းကြောင်း ပြင်ပငွေလဲဝန်ဆောင်မှု လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။ ရုံးပိတ်ရက်များကြောင့်ပြည်ပသို့ ငွေလွှဲမှု လျော့နည်းပြီး ပြည်တွင်းဝယ်လိုအားနည်းခြင်းကြောင့် ဒေါ်လာတန်ဖိုး တည်ငြိမ်နေခြင်းဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ဒီလမှာက ပိတ်ရက်တွေနဲ့ဆိုတော့ အလုပ်ကသိပ်မလုပ်နိုင်ဘူး။ ဒေါ်လာဈေးလည်း ငြိမ်တယ်ဟု ပြည်ပသို့ဆန်တင်ပို့ နေသည့်

ဦးမျိုးသူရအေးကပြောကြားသည်။

သီတင်းကျွတ်ပိတ်ရက်ရှည်ကြောင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ရပ်နားထားရသည်ဟုလည်း မင်္ဂလာဈေးမှ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးတည်ငြိမ်နေသကဲ့သို့ ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းကလည်း အောက်တိုဘာ ၁၆ ရက်၌ ၁၅၃၂ ကျပ်ဈေးဖွင့်သည်။ ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁၅၄၈ ဒေါ်လာတွင် အနည်းငယ်ငြိမ်နေခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းကလည်း ကျပ်တစ်ဆယ့်နှစ်သိန်းကျော်ဈေးဖွင့်သည်။ အောက်တိုဘာ ၁၆ ရက်တွင် ပြည်တွင်းရွှေဈေး ကျပ် တစ်ဆယ့်နှစ်သိန်းနှစ်သောင်းခန့်ဈေးဖွင့်သည်။

**Source:** https://www.7daydaily.com/detail?id=168704

## မြန်မာနိုင်ငံမှ ပြည်ပသို့ ပထမဆုံးအကြိမ် စပါးတိုက်ရိုက်တင်ပို့ခွင့်ပြု

ပြည်ပသို့ စပါးတိုက်ရိုက်တင်ပို့ရောင်းချရန် အစိုးရကခွင့်ပြုပေးပြီး စပါးတန်ချိန်နှစ်သိန်းကို ယခုနှစ်ကုန်အထိ တင်ပို့ရောင်းချခွင့်ပြုကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တာဝန်ရှိသူအချို့ကပြောသည်။ အောက်တိုဘာကစတင်ပြီး ဒီဇင်ဘာအထိ စပါးတန်ချိန်နှစ်သိန်း ဦးစွာတင်ပို့ခွင့်ပြုပြီးလိုအပ်ပါက နောက်ထပ်တန်ချိန်ငါးသိန်း တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဗဟို အလုပ်အမှုဆောင် ဦးကိုကိုကြီးကပြောသည်။ ပြည်ပသို့ စပါးတင်ပို့ရောင်းချရာတွင် ၂၀၂၀ ဇန်နဝါရီလကုန်၌ အပြီးတင်ပို့ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး ကော်မတီက ဆုံးဖြတ်ထားခြင်းဖြစ်သည်ဟု ဦးကိုကိုကြီးကပြောသည်။ စပါးတင်ပို့ခွင့်ကို ကျွန်တော်တို့ အသင်းချုပ်အနေနဲ့လည်း လွတ်လွတ်လပ်လပ်ရောင်းချခွင့်ပြုပေးထားပါတယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဝယ်သူနှင့်ရောင်းသူနှစ်ဦး နှစ်ဖက်စာချုပ်ချုပ်ဆိုပြီး တရားဝင်လိုင်စင်လျှောက်ထား၍ လွတ်လပ်စွာ တင်ပို့ရောင်းချခွင့်ပြုမည်ဟု ၎င်းကဆိုသည်။ တရုတ်အဝယ်လျော့၍ ပြည်ပသို့ ဆန်တင်ပို့မှုလျော့ကျခြင်း၊ ပြည်တွင်းဆန်လက်ကျန် တန်ချိန်ငါးသိန်းကျော်ရှိနေခြင်းကြောင့် မိုးစပါးစတင်ပေါ်ထွက်ချိန်တွင် စပါးဈေးကျဆင်းလာသည်။ ထို့ကြောင့် စပါးကို ပြည်ပသို့ လွတ်လပ်စွာတင်ပို့ရောင်းချခွင့်ပြုရန် လယ်သမားများနှင့် ဖွဲ့စည်းထားသော လယ်သမားဘဝ ဖွံ့ဖြိုးရေးအသင်းက အစိုးရထံ တောင်းဆိုခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အပါအဝင် လယ်ယာကဏ္ဍနှင့် သက်ဆိုင်သူများကလည်း ပြည်ပသို့ စပါးတင်ပို့ ရောင်းချခွင့်ပြုရေး အစိုးရအား တင်ပြဆွေးနွေးခဲ့သည်။

သို့သော် နိုင်ငံတကာကုန်သွယ်ရေးအလေ့အထများတွင် ပြည်ပသို့ကုန်ကြမ်းပစ္စည်းများ တင်ပို့ရောင်းချလေ့ရှိခြင်းကြောင့် စပါးပြည်ပတင်ပို့ခွင့်နှင့်ပတ်သက်၍ စိုးရိမ်သူများလည်းရှိနေသည်။ စပါးကို ပြည်ပတင်ပို့မည်ဆိုပါက ဆန်ကွဲနှင့်ဖွဲနုရှားပါးပြီး တိရစ္ဆာန်အစားအစာအတွက် အခက်အခဲဖြစ်လာနိုင် သည်ကို ဆန်စက်လုပ်ငန်းရှင်အချို့ကထောက်ပြသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးရာသီ၌ စပါးစိုက်ဧက ၁၄ သန်းခွဲရှိပြီး စပါးတန်ချိန် ၁၉ သန်းခွဲခန့်ထုတ်လုပ်သည်။ မြန်မာနိုင်ငံ စပါးထုတ်လုပ်မှု စုစုပေါင်း၏ ၇၇ ရာခိုင်နှုန်းကျော်ကို မိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည်။

**Source:** https://www.7daydaily.com/detail?id=168781

## ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းလုပ်သား ၁၈၀၀၀၀ ကျော် အလုပ်အကိုင်ဖန်တီးပေးနိုင်

ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းလုပ်သား ၁၈၀၀၀၀ ကျော် အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ခွင့်ပြုမိန့်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက် ၁၇၁ ခုမှ ပြည်တွင်းလုပ်သား ၁၈၀၀၀ ကျော်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း၊ ယခင်ခွင့်ပြုပြီး လုပ်ငန်းများ မှလည်း လုပ်သားအင်အား တိုးမြှင့်ခြင်းကြောင့် ပြည်တွင်းလုပ်သား ၄၀ ကျော်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရသိရသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ခွင့်ပြုမိန့်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်း နိုင်ငံခြား ရင်းနှီး

မြှုပ်နှံမှုလုပ်ငန်းအရေအတွက် ၂၈၂ ခုမှ ပြည်တွင်းလုပ်သား ၁၅၀၀၀၀ ခန့်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ကြောင်း၊ ယခင်ခွင့်ပြုပြီး လုပ်ငန်းများမှလည်း လုပ်သားအင်အားတိုးမြှင့်ခြင်းကြောင့် ပြည်တွင်းလုပ်သား ၁၆၀၀၀၀ ကျော်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရသိရသည်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုမှ ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းလုပ်သားများကို အလုပ်အကိုင်ဖန်တီးပေးနိုင်သကဲ့သို့ ပြည်ပလုပ်သား ၅၀၀၀ ကျော်ကိုလည်း အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်းသိရသည်။ ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွင်း မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇၁ ခုမှ အမေရိကန်ဒေါ်လာ ၃၇၉ ဒသမ ၆၅၈ သန်းအပါအဝင် ကျပ်သန်းပေါင်း ၁၄၃၂၃၇၁ ဒသမ ၀၃၁ သန်းရရှိထားပြီး ယခင်လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၇၃ ဒသမ ၂၉၅ သန်းအပါအဝင် ကျပ်သန်းပေါင်း ၁၆၉၄၅၆၈ ဒသမ ၀၈၀ သန်း ရရှိထား ကြောင်းသိရသည်။

အလားတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၈၂ ခုမှ အမေရိကန်ဒေါ်လာ ၂၇၆၄ ဒသမ ၁၂၈ သန်း ရရှိထားပြီး ယခင်လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁၅၈ ဒသမ ၄၇၄ သန်းရရှိထားကြောင်း၊ ထို့ပြင် အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၆၂ ဒသမ၂၈၀ သန်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၄၅၂၀ ဒသမ ၇၅၄ သန်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2728031837284091?__tn__=K-R

## မြန်မာနဲ့အာဆီယံ စီးပွားဖွံ့ဖြိုးမှုအလားအလာ

လာမယ့်နှစ် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှေးကွေးကျဆင်းမယ်လို့ ကမ္ဘာ့ဘဏ်ကရော၊ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့ကပါ သတိပေးခဲ့ပါတယ်။ ဒါပေမဲ့ အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေးစွမ်းဆောင်ရည်နဲ့ပတ်သက်လို့ IMF အကြီးအကဲက ချီးကျူးခဲ့ပြီး အောက်တိုဘာလထဲ ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ဘဏ်ရဲ့ အရှေ့အာရှနဲ့ ပစိဖိတ်စီးပွားရေး နောက်ဆုံးအခြေအနေ အစီရင်ခံစာမှာတော့ ၂၀၁၉-၂၀၂၀ ခုနှစ် မြန်မာနိုင်ငံရဲ့စီးပွားရေး တိုးတက်မှုနှုန်း ၆.၆ ရာခိုင်နှုန်းရှိမယ်လို့ဆိုပါတယ်။ အပြည့်အစုံကို ကမ္ဘာ့ဘဏ် နှစ်ပတ်လည်ညီလာခံကိုကိုယ်တိုင် သတင်းသွားယူခဲ့တဲ့ ကိုရဲမင်းထွန်းကပြောပြပေးပါမယ်။

ကမ္ဘာ့ဘဏ် နှစ်ပတ်လည် ညီလာခံအဖွင့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဝါရှင်တန်ဒီစီမြို့မှာ အောက်တိုဘာလ ၁၇ ရက်နေ့က ကျင်းပခဲ့ ပါတယ်။ သတင်းစာရှင်းလင်းပွဲမှာ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ David Malpass က လာမယ့်နှစ် ကမ္ဘာ့ စီးပွားရေးဟာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတယ်လို့ဆိုပါတယ်။ ကမ္ဘာ့စီးပွားရေးကျဆင်းနေသလို ရင်းနှီးမြှုပ်နှံမှုတွေလည်း တုံ့ဆိုင်းနေပါတယ်။ ကုန်ထုတ်လုပ်မှုက အင်အားချိနဲ့နေသလို ကုန်သွယ်မှုတွေလည်း ကျဆင်းနေပါတယ်။ ကမ္ဘာ့ဥတုရာသီပတ်ဝန်းကျင်ပြောင်းလဲမှုတွေနဲ့ အတိမ်းအစောင်းမခံတဲ့ အခြေအနေတွေဟာ ဆင်းရဲတဲ့နိုင်ငံတွေကို ပိုပြီးအကာအကွယ်မဲ့စေပါတယ်။ ဒါကြောင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနဲ့ ကြီးပွားတိုးတက်ဖို့အရေး ပိုပြီးခက်ခဲလာစေပါတယ်။ လူသန်း ၇၀၀ လောက် ဆင်းရဲတွင်းထဲနေနေရပါသေးတယ်။ တစ်ဖက်မှာလည်း သတင်းကောင်းတွေလည်းရှိသေးကြောင်း ပြောပါသေးတယ်။ မူဝါဒကောင်းတွေနဲ့ စီးပွားရေးအခြေခံပြုပြင်ပြောင်းလဲမှုတွေရှိမယ်ဆိုရင် နိုင်ငံအများ စီးပွားရေးတိုးတက်မှုတံခါးပွင့်သွားမှာဖြစ်ပါတယ်။ ဒီကိစ္စမျိုးက သေသေချာချာပုံစံချထားတဲ့ ပြုပြင်ပြောင်းလဲရေးတွေနဲ့ အကျိုးအမြတ်တွေရရှိနေတဲ့ ဖွံ့ဖြိုးစနဲ့ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ အထူးပဲသက်ဆိုင်ပါတယ်။

Malpass က နိုင်ငံကြီးတွေမှာ စီးပွားရေး တုံ့ဆိုင်းမှု ရှိမှာကို သတိပေးနေစဉ်မှာပဲ ပြုပြင်ပြောင်းလဲရေး မူဝါဒ ကောင်းတွေရှိရင် ဖွံ့ဖြိုးစနဲ့ ဖွံ့ဖြိုးပြီး နိုင်ငံတွေအတွက် အခွင့်အလမ်းကောင်းတွေရှိတယ်လို့ပြောသွားတာပါ။ ဒါ့အပြင် သူဟာ ကုန်သွယ်ရေး အတားအဆီး ကိစ္စတွေနဲ့ Brexit ကိစ္စတွေကိုလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ နောက်ထပ် သတင်းစာ ရှင်းလင်းပွဲတစ်ခုမှာတော့ IMF အဖွဲ့ရဲ့ အကြီးအကဲအသစ်ဖြစ်တဲ့ Kristalina Georgieva က ကမ္ဘာ့ စီးပွားရေး နှေးကွေးမယ့်အကြောင်း အသေးစိတ် ထပ်ပြောပါတယ်။ ဒါ့အပြင် အမေရိကန်နဲ့ တရုတ်တို့အကြား ကုန်သွယ်ရေး တင်းမာနေမှုကို ထောက်ပြ ပြီး ကုန်သွယ်ရေး အဆင်ချောမွေ့ဖို့ ကမ္ဘာ့နိုင်ငံကြီးတွေ နည်းလမ်းရှာရမယ်လို့လည်း တိုက်တွန်းသွားပါတယ်။ ဒီနှစ်နဲ့ရှေ့နှစ်မှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှေးကွေးမယ်လို့ ကျွန်မတို့ခန့်မှန်းထားတာမှာ ၂၀၁၉ ခုနှစ်မှာ ၃ ရာခိုင်နှုန်းပဲရှိပါမယ်။ ၂၀၂၀ ကျရင် ၃.၄ ရာခိုင်နှုန်းရှိမယ်။ ဒီ ၂ နှစ်စလုံးအတွက် ဧပြီလတုန်းက ခန့်မှန်းချက်ကို လျှော့ချပြင်ဆင်ခန့်မှန်းခဲ့ရပါတယ်။ ဂျီဒီပီနဲ့ပြောမယ်ဆိုရင် ကမ္ဘာစီးပွားရေးရဲ့ ၉၀ ရာခိုင်နှုန်းဟာ တိုးတက်မှုလျော့ကျနေပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေး စနစ်ပြုပြင်

ပြောင်းလဲဖို့ နိုင်ငံတွေအကြား ပိုပြီးပူးပေါင်းဆောင်ရွက်ရပါမယ်။

သူက အနာဂတ်မှာ ကြီးပွားချမ်းသာပြီး အေးချမ်းတဲ့ကမ္ဘာဖြစ်ထွန်းဖို့ လိုအပ်တယ်လို့လည်းပြောပါတယ်။ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အာဆီယံရဲ့စီးပွားရေးအခြေအနေကို သတင်းထောက်တစ်ယောက်ကမေးတော့ သူဖြေကြားသွားတာက စိတ်ဝင်စားစရာပါ။ တစ်ခြား ကမ္ဘာ့ဒေသတွေနဲ့နှိုင်းယှဉ်ရင် အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေးစွမ်းဆောင်ရည်က ပိုပြီးကောင်းတယ်။ အခုအကျပ်အတည်းကနေ သူတို့ကင်းလွတ်နေသလို ခံနိုင်ရည်ပိုရှိတာကိုလည်းတွေ့ရတယ်။ ကျွန်မ အာဆီယံခေါင်းဆောင်တွေနဲ့တွေ့တဲ့အခါ ရှေ့နှစ်ကမ္ဘာ့စီးပွားရေးကျဆင်းမှုကို တုံ့ပြန်ဖို့ သူတို့ဘာတွေလုပ်မလဲဆိုတာကို မေးပါမယ်။ ပြီးတော့ အာဆီယံအဖွဲ့အတွင်း ငွေကြေးပူးပေါင်းဖို့ ခြေလှမ်း လှမ်းနေတာကိုတွေ့ရတာ အားရစရာ ကောင်းပါတယ်။ Kristalina Georgieva ဟာ ညီလာခံအပြီးမှာ အာဆီယံဒေသကိုသွားဖို့ရှိပြီး ဒီခရီးစဉ်ဟာ သူ့အတွက် လေ့လာရေးခရီးစဉ်ကောင်းတစ်ခု ဖြစ်လိမ့်မယ်လို့ဆိုပါတယ်။ ဒီလထဲထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ဘဏ်ရဲ့ အရှေ့အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးအစီရင်ခံစာကတော့ မြန်မာနိုင်ငံမှာ စီးပွားရေးတိုးတက်မှုနှုန်းဟာ ၂၀၁၉-၂၀၂၀ခုနှစ်မှာ ၆.၆ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၂၀-၂၁ မှာတော့ ၆.၈ ရာခိုင်နှုန်း ရှိမယ်လို့ဆိုပါတယ်။ ဘဏ္ဍာရေးနဲ့ခရီးသွားလုပ်ငန်းမှာ ဆောင်ရွက်နေဆဲ ပြုပြင်ပြောင်းလဲမှုတွေဟာ ရင်းနှီးမြှုပ်နှံမှုတွေကို တိုးတက်စေမှာဖြစ်ကြောင်း၊ ဒါပေမယ့် ကမ္ဘာ့စီးပွားရေး မရေမရာဖြစ်နေတာ၊ ရခိုင်ကအကျပ်အတည်းနဲ့ ပြည်တွင်းပဋိပက္ခတွေကတော့ မြန်မာ့စီးပွားရေးတိုးတက်မှုကို အန္တရာယ်ပြုနိုင်တဲ့ အကြောင်းရင်းတွေ ဖြစ်နိုင်ကြောင်းလည်း အစီရင်ခံစာကဆိုပါတယ်။

**Source:** https://www.facebook.com/kope.aung/posts/2465030727099471

**VOA Burmese News**

## ရှမ်းပြည်နယ်နှင့် မြန်မာပြည်အလယ်ပိုင်းဒေသထွက် ဖရဲသီးများ မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်စည်ဈေးကွက်တွင် ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်

မူဆယ် (၁၀၅) မိုင်နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဈေးကွက်အတွင်းသို့ ဖရဲသီးတင်ယာဉ်များ ပုံမှန်အတိုင်းစတင်ဝင်ရောက်လာပြီး တစ်ရက်လျှင် ဖရဲတင်ယာဉ်အစီးရေ ၅၀ ဝန်းကျင်ခန့် ဝင်ရောက်ရောင်းချနေပြီဖြစ်ကြောင်းသိရသည်။ သစ်သီးဝလံကုန်စည်ဈေးကွက်အတွင်းသို့ ရှမ်းပြည်ဒေသထွက်ဖရဲသီးများနှင့် မြန်မာပြည်အလယ်ပိုင်းဒေသထွက် ဖရဲသီးများဝင်ရောက်နေခြင်းဖြစ်ပြီး အရောင်းအဝယ်ကောင်းသည့် အခြေအနေတွင်ရှိနေကြောင်းသိရသည်။ အခုလက်ရှိကတော့ ရှမ်းပြည်ကထွက်တဲ့ ဖရဲသီးတွေလည်းဝင်တယ်။ ရှမ်းပြည်သီးကတော့ ကုန်ခါနီးပြီ။ အခုဝင်တာကတော့ လက်ကျန်ဖရဲတွေပေါ့။ နောက်ပြီး မြန်မာပြည်အလယ်ပိုင်းဒေသကထွက်တဲ့ ဖရဲတွေလည်းစဝင်နေပြီ။ အခုတော့ ဖရဲသီးတွေက တရုတ်ကို တင်ပို့ရောင်းချမှုက စတဲ့အချိန်လို့လဲပြောလို့ရတာပေါ့။ အရင်လတွေတုန်းကတော့ ဖရဲသီးက ဝင်တော့ဝင်တယ်၊ နည်းတယ်။ တစ်ရက်ကို ကားလေးငါးစီးလောက်ပဲ ဝင်တာပေါ့။ အခုတော့ တစ်ရက်ကို ယာဉ်အစီးရေ ၅၀ ဝန်းကျင်ဝင်နေပြီ။ နောက်လတွေဆိုရင် ဖရဲသီးက တစ်ရက်ကို ယာဉ်အစီးရေရာချီပြီးဝင်တော့မယ်ဟု မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင်မှ ဒေါ်ရီရီခိုင်ကပြောကြားသည်။

လတ်တလောကာလတွင် ရှမ်းပြည်ဒေသထွက် ဖရဲသီးတစ်တန်လျှင် အနိမ့်ဈေး ယွမ် ၁၅၀၀ မှ အမြင့်ဈေးယွမ် ၂၃၀၀ ၊ မြန်မာပြည်အလယ်ပိုင်းဒေသထွက် ဖရဲသီးတစ်တန်လျှင် အနိမ့်ဈေးယွမ် ၁၃၀၀ နှင့် အမြင့်ဈေး ယွမ် ၁၉၀၀ ဈေးရရှိနေကြောင်းသိရသည်။ အရင်နှစ်တွေတုန်းကတော့ ဒီအချိန်ဆိုရင် ရှမ်းပြည်ထွက်ဖရဲသီးတွေက လှိုင်လှိုင်ထွက်တဲ့ အချိန်ပေါ့။ ဒီနှစ်မှာတော့ နယ်မြေအခြေအနေအမျိုးမျိုးကြောင့် ရှမ်းပြည်မှာ ဖရဲသီးစိုက်ပျိုးမှုက အရင်နှစ်တွေထက်နည်းလာတယ်။ ရှမ်းပြည်ထွက်အသီးတွေက နောက်ထပ် ၁၅ ရက်လောက်အထိတော့ ဈေးကွက်ထဲဝင်နေဦးမယ်။ အဲဒါကုန်ရင်တော့ မြန်မာပြည်အလယ်ပိုင်းဒေသထွက်တဲ့ ဖရဲသီးတွေပဲ ပိုဝင်လာလိမ့်မယ်ဟု သစ်သီးကုန်သည်တစ်ဦးဖြစ်သူ ကိုကျော်ကျော်က ပြောကြားသည်။

ယခုလပိုင်းတွင် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ကုန်တင်ယာဉ်များ ပုံမှန်အတိုင်းဖြတ်သန်းသွားလာနေကြပြီဖြစ်ပြီး တစ်ရက်လျှင် အတက်၊အဆင်း ယာဉ်စီးရေ ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။ ဒီရက်ပိုင်းအတွင်းမှာတော့ နယ်မြေအခြေအနေလည်း ပြန်တည်ငြိမ်သွားပြီဆိုတော့ ကုန်တင်ယာဉ်တွေ အရင်အတိုင်း အတက်အဆင်းပုံမှန်အတိုင်း ကုန်စည်ကူးသန်းနေကြပါပြီ။ တိုက်ပွဲတွေဖြစ်တုန်းက တစ်ရက်ကို ယာဉ်စီးရေ နှစ်ရာသုံးရာလောက်ပဲရှိပေမဲ့

အခုတော့ တစ်ရက်ကိုစီးရေ ၁၀၀၀ ကျော် လောက် အတက်အဆင်းရှိပါတယ်။ ဖရဲသီး လှိုင်လှိုင်ထွက်ချိန်တွေဆိုရင်တော့ ယာဉ်စီးရေတော်တော်များတယ်။ အခုတော့ ဖရဲကားတွေက သိပ်တော့မများသေးဘူး။ နောက်လလောက်ဆိုရင်တော့ ဖရဲကားတွေအတက်များမယ်ဟု လားရှိုးမြို့ အိုရီယမ်တယ်တိုးဂိတ်ရှိ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**Source:** https://news-eleven.com/article/140752

## ထန်းရည်မှ ထန်းသကြားနှင့်ထန်းဝိုင် ထုတ်လုပ်လိုပါက အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနများသို့ ဆက်သွယ်နိုင်

တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သော ထန်းသကြားနှင့် ထန်းဝိုင်ထုတ်လုပ်လိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသေးစား စက်မှုလုပ်ငန်းဦးစီးဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က အောက်တိုဘာ ၁၆ ရက်၌ နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ပြုလုပ်သည့် ကမ္ဘာ့ စားနပ်ရိက္ခာနေ့အခမ်းအနား အပြီး သတင်းမီဒီယာများအားပြောဆိုသည်။ စွန့်ဦးတီထွင်သမားတွေရှိတယ်။ ထန်းရည်ကို သကြားပြန်ချက်ပြီး ပြည်ပကိုတင်ပို့တယ်။ ကြားရတဲ့သတင်းတွေအရ အရမ်းဈေးကောင်းတယ်။ ထန်းရည်ကနေချက်လိုက်တဲ့ သကြားကအရမ်းဈေးကောင်းတယ်။ ထန်းလျက်ကိုဒီအတိုင်းရောင်းမယ်ဆိုရင် ဈေးသိပ်မရဘူး။ စိတ်ဝင်စားရင် ဆရာတို့ဌာနကို တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါတယ်ဟု ၎င်းကပြောဆိုသည်။ ထန်းရည်မှရရှိသည့် သကြားသည် ရိုးရိုးသကြားနှင့်နှိုင်းယှဉ်ပါက ဆီးချိုဖြစ်စေသော ဓာတ်အလွန်နည်းပါးသည့်အပြင် ပရိုတင်းဓာတ်များစွာ ပါဝင်ကြောင်း၊ ထို့ကြောင့် ထန်းရည်မှချက်လုပ်သည့်သကြားကို ဝယ်ယူလိုသူများရှိသော်လည်း တောင်သူများအနေဖြင့် နည်းပညာ အခက်အခဲရှိကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

နည်းပညာအရ ထန်းရည်ဟာ ခဏပဲခံတယ်။ နံနက်ပိုင်း ထန်းပင်ပေါ်ကချတဲ့အရည်ဟာ နေ့ခင်းမှာ ခါးသွားရော။ မနက်ပိုင်းချတဲ့ ပင်ကျရည်က အချိုဓာတ်များတယ်။ သကြားပါဝင်မှုများတယ်။ ဒါကြောင့် ထန်းပင်ပေါ်ကချတဲ့ ထန်းရည်ကို ကြာကြာထားနိုင်အောင် ရေခဲနဲ့ထားနိုင်မှ ထန်းကထွက်တဲ့ထုတ်ကုန်တွေ များများလုပ်နိုင်မယ်။ ဒါကြောင့် အခုဒီနည်းပညာပိုင်းတော်တော်များများပေါ့။ အချို့ကုမ္ပဏီတွေကလုပ်နေကြပြီ။ ထန်းရည်ကို ရေခဲပုံးနဲ့ခံတယ်။ ပြီးရင် ချက်ချင်း သကြားချက်နိုင်အောင် လုပ်တယ်။ အဲ့ဒါမျိုးဆိုရင် သူက ဈေးကောင်းကောင်းရမယ်ဟု ၎င်းကပြောဆိုသည်။

ထန်းကို တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ် နိုင်ခြင်းမရှိသဖြင့် ထန်းတက်သမားများကိုလည်း နေ့တွက်ခ လုံလောက်စွာ မပေးနိုင်ကြောင်း၊ ထန်းတက်သမားများမှာ တစ်ရက်လုပ်အားခ ကျပ် ၂၀၀၀၊ ၃၀၀၀ ခန့်သာရရှိသဖြင့် စိတ်မဝင်စား တော့ကြောင်း၊ ထန်းရည်မှ သကြားနှင့်ဝိုင်ထုတ်လုပ်နိုင်ပါက ထန်းတက်သမားတစ်ဦးကို တစ်ရက်လျှင် ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။ ထန်းရည်ကို အချိန်ကြာကြာ သိမ်းဆည်းနိုင်ခြင်းမရှိသဖြင့် ဝိုင်ချက်လုပ်ပြီး နှစ်ပေါင်း များစွာကြာအောင် ထားရှိသိမ်းဆည်းသင့်ကြောင်း၊ ထန်းရည်ဝိုင်တွင်လည်း လူကိုအကျိုးပြုသည့် အာဟာရဓာတ်များစွာပါဝင်သည့် အပြင်ဈေးကွက်တွင်လည်း ဝယ်လိုအား ကောင်းကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/129716.html

## အိန္ဒိယမှ သကြားနှင့်အမဲသား ပိုမိုတင်သွင်းရန် မလေးရှားစဉ်းစားနေ

မလေးရှားက အိန္ဒိယ၏ ကက်ရှ်မီးယားဆိုင်ရာဆုံးဖြတ်ချက်ကို ဝေဖန်ခဲ့ပြီးနောက် အိန္ဒိယက မလေးရှားမှ ဆီအုန်း တင်ပို့မှုကို ကန့်သတ်နိုင်ကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် နှစ်နိုင်ငံကြား တင်းမာမှုများလျော့ကျသွားသည့် လက္ခဏာ အဖြစ် အိန္ဒိယမှသကြားနှင့် အမဲသားပို့ကုန်များကို ပိုမိုလက်ခံရန် စဉ်းစားနေကြောင်း မလေးရှားကထုတ်ပြန်ခဲ့သည်။ မလေးရှားသည် အင်ဒိုနီးရှားပြီးနောက် ကမ္ဘာ့ဒုတိယမြောက် ဆီအုန်းထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်သည်။ အိန္ဒိယသည် မလေးရှားမှတင်ပို့သော ပို့ကုန်များကိုလက်ခံနေသည့် နိုင်ငံများတွင် တတိယအများဆုံးနိုင်ငံဖြစ်သောကြောင့် ပြန်လည် သုံးသပ်ကာ ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း မလေးရှားရှိ စားကုန်သောက်ကုန်ဝန်ကြီးဌာနက ပြောဆိုခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်း မလေးရှားသည် အိန္ဒိယသို့ ရင်းဂစ် ၆ ဒသမ ၈၄ ဘီလီယံ( ဒေါ်လာ ၁ ဒသမ ၆၃ ဘီလီယံ) တန်ဖိုးရှိ ဆီအုန်းနှင့် ဆီအုန်းဆက်စပ်ထုတ်ကုန်များတင်ပို့ခဲ့သည်။ ယမန်နှစ်အတွင်း စားသုံးဆီပမာဏသည် မလေးရှား၏ ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဖိုး၏ ၃ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး စုစုပေါင်းပို့ကုန်များအနက် ၄ ဒသမ ၅ ရာခိုင်နှုန်း ရှိနေသည်။ လူဦးရေ ၃၂ သန်းရှိသော မလေးရှား၌ ဆီအုန်းစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းသည် အလုပ်အကိုင်နေရာ အများဆုံး ခန့်ထားနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/129736.html

## သီတင်းကျွတ်ပွဲတော်အပြီးကာလ မန္တလေးပဲဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံသီးနှံများ ရုတ်တရက် ဈေးနှုန်းမြင့်တက်

သီတင်းကျွတ်ပွဲတော်မတိုင်ခင်ကာလက ဈေးကွက်အေးစက်နေသည့် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းများမှာ ယခုပွဲတော်အပြီး ဈေးကွက်အစမှာပင် ဈေးနှုန်းများ ရက်ပိုင်းအတွင်း ရုတ်တရက်မြင့်တက်လာကြောင်း မန္တလေးပဲဈေးကွက်မှသိရသည်။ အဆိုပါ မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းများမှာ သီတင်းကျွတ်ပွဲတော်မတိုင်ခင်က မန္တလေးဈေးကွက်တွင် အရောင်းအဝယ်များ အေးစက်နေပြီး ဈေးနှုန်းမှာလည်း သုံးတင်းဝင်တစ်အိတ်လျှင် မတ်ပဲမှာ ကျပ် ၇၆၀၀၀ နှုန်းနှင့် ပဲစင်းငုံမှာ ကျပ် ၈၁၀၀၀ နှုန်းဖြင့်ပေါက်ဈေးရှိခဲ့သော်လည်း ယခု ပွဲတော်အပြီးကာလ ယနေ့အောက်တိုဘာ ၁၇ ရက်တွင် မတ်ပဲမှာ ကျပ် ၈၆၀၀၀ နှုန်းသို့လည်းကောင်း၊ ပဲစင်းငုံမှာ ကျပ် ၈၆၀၀၀ နှုန်းသို့လည်းကောင်း ဈေးနှုန်းများ ရက်ပိုင်းအတွင်းမြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။ အိန္ဒိယနိုင်ငံ ပြည်တွင်းမှာလည်း ရာသီဥတုဖောက်ပြန်တဲ့အတွက် အထွက်နည်းတဲ့အပြင် လက်ရှိအချိန်မှာ လက်ကျန်လည်းနည်းနေတဲ့အတွက် မြန်မာပြည်က မတ်ပဲနဲ့ပဲစင်းငုံကို စာချုပ်ချုပ်ဆိုပြီး ထပ်ဝယ်ဖို့ သတင်းတွေထွက်နေတယ်။ မြန်မာပြည်ဈေးကွက်မှာလည်း အခုချိန်မှာ လက်ကျန်က နည်းနေတဲ့အချိန်ဖြစ်နေတယ်။ ဒီလို တိုက်ဆိုင်သွားလို့ ဈေးနှုန်းက မတ်ပဲဆို ကျပ် ၁၀၀၀၀ နဲ့ ပဲစင်းငုံကလည်း ကျပ် ၅၀၀၀ နှုန်းအထိ ရုတ်တရက် ထိုးတက်သွားတာပါ။ ဒီသီးနှံတွေက ဆောင်းသီးနှံအဖြစ် အညာဒေသတွေမှာ အခုအချိန်မှ စတင်စိုက်ပျိုးနေတဲ့အတွက် ထွက်ဖို့လည်း အချိန်စောင့်ရဦးမှာဆိုတော့ ဈေးနှုန်းတွေထပ်ပြီးတက်လာဖို့ အလားအလာရှိတယ်ဟု ၎င်းက ပြောသည်။

မတ်ပဲနှင့် ပဲစင်းငုံကို မြန်မာပြည်အထက်ပိုင်းဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးကြသည့်အပြင် ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း ပြည်ပပို့ကုန်သီးနှံအဖြစ် အဓိကစိုက်ပျိုးကြပြီး ဇန်နဝါရီနှင့် ဖေဖော်ဝါရီလဆန်းတို့တွင် စတင်ထွက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## မြန်မာ့လက်ဖက်အစိုကို အမေရိကားကိုတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေ



ယခုနှစ်အတွင်း မြန်မာ့လက်ဖက်အစိုကို အမေရိကနိုင်ငံကိုတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ သိရပါတယ်။ မြန်မာ့လက်ဖက်အစိုကို တင်ပို့နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နေတယ်လို့ ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးသိန်းထွေးက ပြောပါတယ်။

လက်ဖက်အစိုကို အမေရိကကို တင်ပို့သွားဖို့ရှိတယ်။ အခု ပို့ဖို့ ပြင်ဆင်နေတယ်။ Buyer ဘက်ကလည်း ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ဆောင်နေတယ်။ ရှေ့နှစ်တွေမှာလည်း အမေရိကကို တင်ပို့တာတွေလည်းရှိခဲ့ပါတယ်။ ၂၀၁၃၊ ၂၀၁၄ နဲ့၂၀၁၇ ခုနှစ်များမှာ မြန်မာ့လက်ဖက်ကို အမေရိကားနိုင်ငံကို တင်ပို့ခဲ့ကြောင်းလည်း အဆိုပါအသင်းမှ သိရပါတယ်။ မြန်မာ့လက်ဖက်ကို တရုတ်နိုင်ငံကို အဓိကထားတင်ပို့နေပြီး အခြားဈေးကွက်များကိုလည်း တင်ပို့သွားမှာဖြစ်ကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/making_plan_to_export_fresh_tea_leaves_to_America

## ရှမ်းမြောက်တွင် စားဝတ်နေရေးကျပ်တည်းမှုကြောင့် သီးနှံများရသည့်ဈေးဖြင့်သာ ထုတ်ရောင်းနေရဟုဆို

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စိုက်ပျိုးသီးနှံများကို စားဝတ်နေရေးကျပ်တည်းမှုကြောင့် ရသည့်ဈေးဖြင့်သာ ထုတ်ရောင်းနေရကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် နန်းထိုက်စံ စိတ်တူကိုယ်တူ အမျိုးသမီး ဦးဆောင်အဖွဲ့အစည်းမှ ဥက္ကဋ္ဌ နန်းလှရီကပြောဆိုသည်။ မေတ္တာကွန်ရက်၏ စတုတ္ထအကြိမ် နိုင်ငံလုံးဆိုင်ရာ ကျေးလက်အမျိုးသမီးများကွန်ရက်ညီလာခံကို အောက်တိုဘာ ၁၆ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Center တွင် ပြုလုပ်ခဲ့ရာ ၎င်းက ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ပြောင်းဖူးတွေ၊ ကြံတွေကို ဈေးနှိမ်ပြီးတော့ အဝယ်ခံရတယ်။ မနှစ်ကဆိုရင် ကြံတစ်တန်ကို အနီးအဝေးပေါ်မူတည်ပြီးတော့ ကျပ် ၄၈၀၀၀၊ ကျပ် ၅၀၀၀၀ ပေးတယ်။ ဒီနှစ်ကျတော့ ကျပ်

၄၀၀၀၀ ကျော်ကျော်ပဲပေးတယ်။ ပြောင်းဖူးဆိုရင် တစ်ပိဿာကို အစိုဆိုရင် ကျပ် ၄၀၀ ကျော်ပေးတယ်။ ဒီနှစ် ပြောင်းဖူး အစိုဆိုရင် ကျပ် ၂၀၀ ကျော်ပဲရတယ်။ အခြောက်ဆိုရင် မနှစ်တုန်းက ကျပ် ၆၀၀အထိ ရောင်းရတယ်။ အခုနှစ်ဆိုရင် ကျပ် ၃၀၀ ကျော်လောက်ပဲ ပေးဝယ်တယ်။ ပြည်တွင်းပွဲစားတွေက တရုတ်ပြည်မှ ပြောင်းမဝယ်တော့လို့ဆိုပြီးတော့ ရတဲ့ဈေးနဲ့ပဲ ရောင်းကြရတယ်ဟု နန်းလှရီက ပြောဆိုသည်။

ပဋိပက္ခများကြားတွင် အမျိုးသမီးများဦးဆောင်ပြီး စားဝတ်နေရေးလည်း တာဝန်ယူနေရကာ ကလေးများ၏ကျောင်းစရိတ်ကိုလည်း တာဝန်ယူရသည့်အတွက် စီးပွားရေးကျပ်တည်းလာကြောင်း၊ ဒေသထွက်ကုန်များကိုလည်း တစ်ဖက်လူ၏ ကြိုက်ဈေးပေးဝယ်ခြင်းခံရပြီး လိုချင်သည့်ဈေးမရကြောင်း ၎င်းကပြောဆိုသည်။ ပဋိပက္ခဒေသတွေမှာ အမျိုးသမီးတွေ ဦးဆောင်ပြီး လုပ်ဆောင်နေရတာကတော့ စိုက်ပျိုးရေးမှာ ထွန်ယက်စိုက်ပျိုးတာအစပေ့ါ။ အမျိုးသားတွေက ပေါ်တာ အဆွဲခံရတယ်။ တောတွင်းလက်နက်ကိုင်တွေကခေါ်တယ်။ များသောအားဖြင့်ပြည်ပမှာ အလုပ်လုပ်ကြတယ်။ အမျိုးသမီးတွေက ကိုယ်တိုင်ရုန်းကန်ရတယ်။ စိုက်ပျိုးရေးအခြေခံပြီး လုပ်ရတော့ရောင်းဝယ်ရေးလုပ်တဲ့အခါမှာ အမျိုးသမီးတစ်ယောက်တည်းလည်း မသွားရဲဘူး။ ထင်သလောက် ရောင်းကောင်း၊ ဝယ်ကောင်းမလုပ်နိုင်ဘူး။ စီးပွားရေးကျပ်တည်းနေတယ်။ ခါတိုင်း ဒီအချိန်ဆိုရင်သီးနှံပေါ်တယ်။ ဒီနှစ်မှာ သီးနှံပေါ်ပေမယ့် ဝယ်သူမရှိဘူး။ ဝယ်တဲ့အခါလည်း ဈေးနှိမ်ပြီး ဝယ်ကြတယ်။ အဲဒီအနေအထားမှာရှိတယ်ဟု ၎င်းကပြောဆိုသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိကျေးလက်ဒေသများတွင်တောင်ယာလုပ်ကိုင်မှုများပြားပြီး ပြောင်းစိုက်ခြင်း၊ ကြံစိုက်ခြင်း၊ ဝက်မွေးခြင်း၊ ကုန်စုံဆိုင်ဖွင့်ခြင်းစသည်တို့ဖြင့် စားဝတ်နေရေးရုန်းကန်နေရကြောင်း၊ ပြည်တွင်းလူမှုအဖွဲ့အစည်းများ အနေဖြင့် NGO များနှင့်ချိတ်ဆက်ကာ တစ်ပိုင်တစ်နိုင် ဝက်မွေးပေးခြင်း၊ ကုန်စုံဆိုင်လုပ်ပေးခြင်း စက်ချုပ်သင်တန်းသင်ပေးခြင်း၊ ဖိနပ်ချုပ်လုပ်ငန်းသင်ပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/standardtimedaily/posts/2240946222683986?__tn__=K-R

## မြန်မာ့ငရုတ် ပြည်ပတင်ပို့မှုရပ်တန့်နေ

ယခုလအတွင်း မြန်မာ့ငရုတ် ပြည်ပတင်ပို့မှုမှာရပ်တန့်နေကြောင်း ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရပါတယ်။ မြန်မာ့ငရုတ်အရည်အသွေးများကြောင့် ပြည်ပတင်ပို့မှု ရပ်တန့်ထားတာဖြစ်တယ်လို့ ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဌ ဒေါ်ဥမ္မာကျော်ကပြောပါတယ်။ ငရုတ်သီးတင်ပို့မှုက ခေတ္တရပ်တန့်နေတယ်။ အရည်အသွေးတွေက အခုလက်ရှိမှာညံ့နေသေးတော့ တင်ပို့လို့အဆင်မပြေတဲ့အတွက် ရပ်နားထားတာပါ။ အခုရောဝတီဘက်မှာတော့ နောက်နှစ်မှာ တင်ပို့ဖို့အတွက်ကို ပြင်ဆင်နေပါပြီ။ ယခုနှစ်အတွင်း မြန်မာ့ငရုတ်ကို ဗီယက်နမ်နိုင်ငံမှာ လာရောက်ဝယ်ယူနေတာဖြစ်ပြီး ၂၀၂၀ ခုနှစ်မှာလည်း တင်ပို့သွားနိုင်ရန်စီစဉ်နေကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့ငရုတ်ကို အထက်ပိုင်းဒေသများဖြစ်တဲ့ ကျောက်ဆည်နဲ့ဧရာဝတီတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးနေတာဖြစ်ကြောင်းလည်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/stop_export_of_chili

## Thura News Views

**Second Thai-Myanmar Friendship Bridge opens October 30**

A second bridge across the Moei River will soon link Thailand and Myanmar. The Second Friendship Bridge, which will link Myawaddy with the border town of Mae Sot, Thailand, aims to boost cross-border freight and personnel traffic. The ribbon-cutting ceremony will be held October 30th. The new bridge will operate along side the original Friendship Bridge, also located in Myawaddy. For decades, the Friendship Bridge has hosted the bulk of land exchanges between the two countries, however trade is rapidly increasing.

The legal border trade is overshadowed by smuggling through unofficial border crossings. These are often controlled by ethnic armed groups offering cheaper and easier passage of goods. As it works with Thailand to develop the East-West Economic Corridor, the government has attempted to cut down border smuggling. In May, Khun Pakainay, former Thai Minister Counsellor for Commercial Affairs to Myanmar,

told the Myanmar Times that such infrastructure projects are key to encouraging traders to choose legal channels. "Myanmar should try to fulfill the needs of people in border areas such as water, power and infrastructure. If the procedures for commerce become simpler and clearer, legal trade between two countries will grow," he said.

**Rice floor price to remain MMK 500,000 per basket**

The Myanmar government will maintain its minimum rice price to protect farmers from market fluctuations. The rice floor price, or reference price, will remain at MMK 500,000 per basket through 2020. The announcement came from the Leading Committee for Farmer's Rights Protection and Interests Promotion, a government organization. "The basic reference price of 100 baskets of paddy, each basket weighing 46 pounds, will be MMK 500,000 if the grains have moisture content of 14 percent, are free of dust, sand, gravel, and meet the set standards," it read. Current prices for top quality rice generally fluctuate between MMK 800,000 and MMK 1.2 million for 100 baskets, according to data reported by the Myanmar Times. According to the Myanmar Rice Federation (MRF), a basket of rice costs around MMK 350,000 to produce, ensuring a profit margin of at least MMK 150,000 per basket for farmers.

The price floor aims to be a safety net for farmers as the public and private sectors attempt to breathe live into Myanmar's global rice trade. In its colonial era, Myanmar was the world's top rice exporter. In 2015, U Chit Khaing, chairman of the MRF, told Frontier magazine that while Myanmar still produces some of the highest volumes of rice in the world, it exports very little. However, this year the MRF signed an MOU with China to export 250,000 tonnes of rice. An industry report by the World Bank said "there are good market prospects to accommodate higher rice exports from Myanmar over the next 10-15 years. China is becoming a large net importer of Myanmar rice. The European Union has opened its markets for duty free imports from Myanmar."

TIR

**Hong Kong company wins emergency power tenders**

Hong Kong company VPower Group (VP), working with Myanmar's Zeya & Associates, has been awarded four emergency power tenders as the government races to meet its growing demand for power. The four projects would use imported liquified natural gas (LNG) to generate 920 megawatts of power. "All the projects are expected to commence commercial operation in the first half of 2020," VP said in a statement.

In January, 2019, the Ministry of Electricity and Energy (MOEE) announced that it would turn to imported LNG to fill its power supply gaps. It announced emergency tenders for projects that would eventually add 3,000 megawatts of new generating capacity. But those projects fell well short of their goal, and in June, the government opened a new set of emergency tenders to try and meet power demands for the 2020 hot season.

However, the MOEE's effort has been criticized for essentially trying to meet Myanmar's long term and short term power needs at the same time. Analysts have said the scope of the projects are too large for their timelines of 210 days and harsh penalties for not meeting the deadlines. Speaking to the Myanmar Times, an anonymous industry consultant said, "Most reputable companies that looked at the emergency power tenders walked away as it is nearly impossible to execute."

Nevertheless, VP is forging ahead with LNG-based power plants in Kyaukphyu Township, in Rakhine State, and Than-lyin and Thaketa townships in Yangon Region. The company will build on a track record of successful projects, including a 90 megawatt plant in Myingyan, a city in Mandalay Region.

**Yoma Strategic to invest in renewable power**

One of Myanmar's biggest corporations is investing in renewable energy. Yoma Strategic Holdings will work with Philippine partner Ayala Corporation for a 200 megawatt micro generation enterprise, the Myanmar Times Report-ed.

Yoma Strategic and Ayala subsidiary AC Energy will invest USD 30 million into Yoma Micro Power, which will finish 250 micro generation plants by the end of 2019 and scale up to around 2,000 sites over the next four years. These would likely include small scale renewables such as micro-hydroelectric dams and solar mini-grids. Hydropower al-ready accounts for more than half of Myanmar's electricity, but the hydropower industry has come under fire from environmental groups and local communities wary of potential damage to river ecosystems. Micro-hydro technology could be a more socially and environmentally friendly alternative.

"There is a need to significantly increase generation capacity and build out last-mile distribution infrastructure, which Yoma Micro Power has embarked upon," the Myanmar Times quoted Melvin Pun, CEO of Yoma Strategic, as saying.

Myanmar has one of the lowest electrification rates in Asia with only around 60 percent of households connected to the national grid. The government aims for total electrification by 2030, but that goal will require USD 2 to 3 billion, by most estimates. Solar and micro-hydro technology are merely a fraction of the government's planed energy mix. But proponents claim that small, independent grids are an effective way of supplying power to remote populations.

In addition to long-term electrification, the Myanmar government has been struggling to fill the immediate demand for power. It recently awarded four high value emergency tenders to Hong Kong supplier VPower Group. The tenders call for over 900 megawatts of liquid natural gas-generated power. However industry experts have criticized the short timeline of the tenders (210 days) and harsh penalties for not meeting them.

**Source: Thura Swiss News (Issue 387 October 17, 2019)**

TIR

# STOCK EXCHANGE (18.10.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 18th Oct. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 519 | 6,178,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | -50 | -1.25% | 3,950 | 3,950 | 3,900 | 5,648 | 22,294,600 | 38,929,150 | 153,770 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,300 | 281 | 2,337,600 | 10,400,986 | 87,368 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 23,500 | 23 | 546,500 | 2,472,053 | 59,329 |
| TMH | 00005 | 2,900 | -100 | -3.33% | 3,000 | 3,000 | 2,900 | 129 | 374,500 | 12,823,224 | 37,187 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 484.19 | +7.54 | +1.58% | 475.23 | 484.19 | 475.23 | 6,600 | 31,731,200 | 5 | 663,007 |

### Index chart




# Market Overview

As of 1:00 pm, 18th Oct. 2019

| MYANPIX-1 | 484.19 |
|---|---|
| | 7.54 |
| Total Volume (shares) | 6,600 |
| Total Value (MMK) | 32 mil |
| Listed Company | 5 |
| Market Cap. (MMK) | 663,007 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | 500 |
| MTSH | 00002 | 3,950 | 50 |
| MCB | 00003 | 8,400 | 0 |
| FPB | 00004 | 24,000 | 0 |
| TMH | 00005 | 2,900 | 100 |